## ၅ စစ်သားမိန်းမ ဘာတွေရသလဲ

ပရိတ်မြို့တော်ကြီးကို
(ဟစ်တလာရဲ့ နာဇီတပ်မတော်ကြီး) သိမ်းစဉ်က
စစ်သားမိန်းမ ဘာတွေရသလဲ။
ပရိတ်မြို့တော်က ဒေါက်မြင့်ဖိနပ်ကြီးတွေ ရတယ်လေ
အောင်သတင်းနဲ့ အောင်ဆုမှန်တွေတောင်းတဲ့
စာတွေရယ် လက်ဆောင်ရယ်
စစ်သားမိန်းမ ဒေါက်မြင့်ဖိနပ်ကြီးတွေ ရခဲ့တယ်။

(ဩစထရီယားနိုင်ငံ) အော့စလိုမြို့ကို
ကျူးကျော်စဉ်က
အော့စလိုမြို့တော်က သွားမွေးအထည်စကလေးတစ်ခုရတယ်
သဘောကျမယ်လို့တော့ ထင်တာပဲဆိုတဲ့ စာနဲ့အတူ
စစ်သားမိန်းမ သားမွေးအထည်စတစ်စ ရခဲ့တယ်။

အမ်စတာဒမ်သူဌေးမြို့တော်က
စစ်သားမိန်းမ ဘာတွေရသလဲ။
အမ်စတာဒမ် မြို့တော်ကတော့ ဦးထုပ်ကလေးတစ်လုံး
ရတယ်လေ။
ချက်ပြည်ဖြစ် ဦးထုပ်ကလေးက လှသမို့
လိုက်ဖက်လှပမှာပဲတဲ့
စစ်သားမိန်းမ ဦးထုပ်တစ်လုံး ရလိုက်ပါတယ်။

ဗယ်လဂျီယံမြို့တော် ဘရပ်ဆဲကို နာဇီတွေ
ကျူးကျော်တော့
စစ်သားမိန်မ ဘာတွေရသလဲ။
ဘရပ်ဆဲနိုင်ငံက ရှားပါးလှတဲ့ လည်ဆွဲတစ်ခု ရတယ်။
ပျော်စရာပါပဲ ဝမ်းသာစရာပါပဲ
စစ်သားမိန်းမ ဘရပ်ဆဲနိုင်ငံက လည်ဆွဲတစ်ခု ရတယ်။

အလင်းရောင်တွေ ဝေဝေဆွန်းပနေတဲ့ ပါရီမြို့တော်က
စစ်သားမိန်းမ ဘာတွေရသလဲ။
ပါရီမြို့တော်က ပိုးဂါဝန် ပုံကျကျတစ်ထည်ရတယ်။
တစ်နယ်လုံးသိတယ် တစ်မြို့လုံးသိတယ်
စစ်သားမိန်းမ ပိုးဂါဝန်တစ်ထည် ရတယ်။

ရုမေးနီးယားနိုင်ငံ ဘူခါရက်ကို
ဟစ်တလာစစ်တပ်တွေရောက်တော့
စစ်သားမိန်းမ ဘာတွေသရလဲ။
ဘူခါရက်မြို့တော်က ဂါဝန်ကားကား ဖားဖားပွပွကြီး ရတယ်။
ကြည့်ရဆန်းပြီး ဝတ်ရတာ ရယ်စရာသိပ်ကောင်းတယ်
စစ်သားမိန်းမ ဂါဝန်ကားကားကြီးတစ်ထည် ရတယ်။

နှင်းနိုင်ငံ ရုရှားပြည်က
စစ်သားမိန်းမ ဘာတွေရသလဲ။
မုဆိုးမအထိမ်းအမှတ် ဝတ်စုံနက်ပဲ လက်ခံရတယ်။
ဝမ်းနည်းကြေကွဲတာမို့ လင်သည်ရဲ့ သေဆုံးမှု
အထိမ်းအမှတ်ပေါ့
စစ်သားမိန်းမ ဝတ်စုံနက်တစ်စုံ ရပါတယ်။

■